# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

June 19 , 2026 Volume 103 , Number 15


၁၉.၆.၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၀၄.၆၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၂၄.၈၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၇၂.၀၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၇၂.၃၁ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၁၀၂၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၂၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၇.၁၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၀၆.၈၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၃.၉၀ ကျပ် |


CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ကယားဒေသထွက် ပဲတောင့်ရှည် ဈေးနှုန်း၊ ဈေးကွက်အခြေအနေ



ကယားပြည်နယ်သည် ရေ၊ မြေ၊ ရာသီဥတု ကောင်းမွန်မှုတသော ဒေသဖြစ်သည့်အတွက် ပဲတောင့်ရှည်အပါအဝင် ဟင်းသီးဟင်းရွက်များနှင့် စားဖိုဆောင်သီးနှံများကိုလည်း ရာသီအလိုက်တစ်ပိုင်တစ်နိုင် စီးပွားဖြစ်စိုက်ပျိုးကြသည်။ ကယားပြည်နယ်တွင် ပဲတောင့်ရှည်ကို လွိုင်ကော်မြို့နယ်နှင့်ဒီးမော့ဆိုမြို့နယ်များတွင် အများဆုံးစိုက်ပျိုးကြသည်။ ပဲတောင့်ရှည်စိုက်ပျိုးရာတွင် အစေ့တိုက်ရိုက်ချစနစ်ဖြင့် စိုက်ပျိုးကြပြီး၊ အပင်ရှည်နွယ်တက်မျိုးဖြစ်ပါက အနည်းဆုံး(၇)ပေခန့်ရှိသော ဝါးတိုင်များထောင်ကာစိုက်ပျိုးကြသည်။ တစ်ကေလျှင် တိုင်ထောင်မျိုးအတွက် ၄-၅ကီလိုဂရမ် (၂ပိဿာမှ ၃ပိဿာခန့်)လိုအပ်သည်။ တိုက်ရိုက်အစေ့ချစနစ်ဖြင့် စိုက်ပျိုးပြီး တစ်တန်းနှင့်တစ်တန်း ၃ ပေ၊ တစ် ပင်နှင့်တစ်ပင် ၉-၁၀ လက်မခွာ၍ စိုက်ပျိုးကြသည်။

တစ်ကေလျှင်သဘာဝ နွားချေး (၁၀)တန်၊ ယူရီးယား (၂၂၄) ပေါင်ခန့်ကို အချိုးကျရောစပ်၍ မြေဩဇာထည့်ပေးရသည်။ ပဲတောင့်ရှည်သည် အပူချိန်(၂၂-၂၅) ဒီဂရီစင်တီဂရိတ်အတွင်း အကောင်းဆုံးဖြစ်ထွန်းသဖြင့် ကယားပြည်နယ်၏ မအေးလွန်းမပူလွန်းသောရာသီဥတုနှင့် ကိုက်ညီမှုရှိသည်။ ရေဝပ်ခြင်းမရှိဘဲ ရေနုတ်စနစ်ကောင်းမွန်သော ယာမြေ၊ သဲဆန်သောမြေများနှင့် မြေဆီလွှာကောင်းမွန်သော မြေများတွင် စိုက်ပျိုးကြသည်။ ပဲတောင့်ရှည်ကို စိုက်ပျိုးပြီး(၁)လကျော် (ရက်ပေါင်း ၄၀ မှ ၅၀ ဝန်းကျင်)တွင် အသီးများစတင်ခူးဆွတ်နိုင်ပြီး (၁)လကျော်ကြာသည်အထိ အဆက်မပြတ်ခူးဆွတ်ရောင်းချနိုင်သောကြောင့် တောင်သူများအတွက် နေ့စဉ်ပုံမှန်ဝင်ငွေ

ရစေသော သီးနှံဖြစ်ပါသည်။ ပဲတောင့်ရှည်မြေ တစ်ဧကစိုက်ပျိုးရာတွင် စုစုပေါင်း ကုန်ကျစရိတ် (၁၅) သိန်းမှ (၁၆) သိန်းအထိ ကုန်ကျနိုင်ပြီး အပင်သက်တမ်းတစ်လျှောက် (ခူးဆွတ်ချိန် ၂ လမှ ၃ လအတွင်း)ပိဿာချိန် ၃၀၀၀ မှ ၅၀၀၀ ဝန်းကျင် ထွက်ရှိနိုင်ပါသည်။ ပဲတောင့်ရှည်သည် တိုင်ထောင်ပြီး စင်တင်ပေးရသည့် သီးနှံဖြစ်သဖြင့် ဝါးတိုင်များကို ခိုင်ခံ့ပြီးအလင်းရောင်နှင့် လေဝင်လေ ထွက်ကောင်းမှသာ အထွက်နှုန်းပိုမိုကောင်းမွန်နိုင်သည်။ ယခင်က ကယားပြည်နယ်တွင် စီးပွားဖြစ် စိုက်ကေများစွာ စိုက်ပျိုးသော်လည်း ယခုအခါတွင်မူ မိသားစုတစ်နိုင်တစ်ပိုင် အနည်းငယ်သာစိုက်ပျိုးကြသည်။

လွိုင်ကော်မြို့ဈေးကွက်အတွင်း လက်ရှိဖြစ်ပေါ်နေသော ဒေသထွက်ပဲတောင့်ရှည် ငါးတောင့်ပါတစ်စည်းလျှင် (၁၀၀၀) ကျပ် ဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သီရိမင်္ဂလာဈေးအတွင်းရှိ ဈေးသည်တစ်ဦးထံမှ သိရသည်။

**Souce: https://www.doca.gov.mm**

## ဓာတ်မြေသြဇာ တင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့်ထပ်မံတိုးမြှင့်

ဓာတ်မြေသြဇာတွေ တင်သွင်းမှုအပေါ်ကောက်ခံသည့် ကြိုတင်ဝင်ငွေခွန် ၂ ရာခိုင်နှုန်းကို နောက်ထပ်တစ်လ ထပ်မံကင်းလွတ်ခွင့်ပြုမည်ဖြစ်ကြောင်း ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက ထုတ်ပြန်သည်။ ဓာတ်မြေသြဇာ တင်သွင်းမှုအပေါ်ကောက်ခံသည့်ကြိုတင်ဝင်ငွေခွန် ၂ ရာခိုင်နှုန်းကို ဧပြီ ၁ ရက်ကနေ မေလ ၃၁ ရက်အထိ ကင်းလွတ်ခွင့်ပြုခဲ့ရာကနေ ယခုအခါ ဇွန်လ ၁ ရက်နေ့မှ ဇွန်လ ၃၀ ရက်နေ့အထိ ထပ်မံတိုးမြှင့်ခွင့်ပြုကြောင်း သိရှိရသည်။

နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တောင်သူလယ်သမားများ၏ ကုန်ထုတ်လုပ်မှုစရိတ်များ လျှော့ကျစေရန်အတွက် ဓာတ်မြေသြဇာ တင်သွင်းမှုအပေါ်ကောက်ခံသည့် ကြိုတင်ဝင်ငွေခွန် ၂ ရာခိုင်နှုန်းကို ကင်းလွတ်ခွင့်ပြုလိုက်ခြင်းဖြစ်သည်။ အခွန်ကင်းလွတ်ခွင့်ဟာ အကောက်ခွန်ဦးစီးဌာနမှာ ဇွန် ၃၀ ရက်နေ့အထိ Import Declaration(ID) ဖွင့်လှစ်တင်သွင်းသည့် ဓာတ်မြေသြဇာတွေအပေါ် အကျုံးဝင်မှာဖြစ်တယ်လို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက ဖော်ပြထားကြောင်း သိရှိရသည်။

**Source: https://onenewstvchannel.com**

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇,၂၈၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ



စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရပါသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီ တင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့မှ ၂၅ ရက်နေ့အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၇,၂၈၅ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန် ကြေညာ

ထားကြောင်း သိရှိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရှိရသည်။

**Source: https://www.doca.gov.mm**

## ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာနက ပြောင်းဖူးတင်သွင်းမှု တိုးမြှင့်ရန်မျှော်မှန်း

စိုက်ပျိုးရေးဝန်ကြီးဌာနသည် သွင်းအားစုစရိတ်မြင့်မားလာခြင်းနှင့် ရာသီဥတုဒဏ်ကြောင့် ထုတ်လုပ်မှုကျဆင်းနိုင်ခြေရှိနေစဉ်အတွင်း အခွန်နှုန်းထားလျှော့ချပြီး ပြောင်းတင်သွင်းမှုပမာဏကို တိုးမြှင့်ရန်ဆောင်ရွက်နေကြောင်း၊ ပြောင်းအတွက် အနည်းဆုံးတင်သွင်းခွင့်ပြုမည့်ပမာဏ(MAV)ကို မက်ထရစ်တန်ချိန် ၅၀၀,၀၀၀ အထိတိုးမြှင့်ရန် အဆိုပြုချက်ကို MAV စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြထားပြီးဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီး Francisco Tiu Laurel Jr. က ပြောကြားခဲ့သည်။ အဆိုပါအဆိုပြုချက်ကို ပြောင်း၊ မွေးမြူရေးနှင့်ကြက်/ငှက်မွေးမြူရေးကဏ္ဍများမှ အကျိုးစီးပွားဆက်စပ်ပတ်သက်သူများနှင့် တိုင်ပင်ဆွေးနွေးပြီးနောက် ရေးဆွဲခဲ့ကြောင်း သိရသည်။

အရှေ့အလယ်ပိုင်းပဋိပက္ခနှင့် ရာသီဥတုအခြေအနေများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပြောင်းရိက္ခာပြတ်လပ်မှုကို ကာကွယ်ရန်အတွက် ပြောင်း MAV(အနည်းဆုံးတင်သွင်းခွင့်ပြုမည့်ပမာဏ)ကို တိုးမြှင့်သွားရန် စိုက်ပျိုးရေးဝန်ကြီးက အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပြုချက်အရ MAV ပမာဏသည် လက်ရှိတန်ချိန် ၂ သိန်းကျော်မှ နှစ်ဆကျော်အထိ တိုးမြှင့်မည်ဖြစ်ပြီး သတ်မှတ်ထားသည့်ပမာဏအတွင်း တင်သွင်းပါက အခွန် ၅ ရာခိုင်နှုန်းသာကောက်ခံမည်ဖြစ်ပြီး သတ်မှတ်ထားသည့်ပမာဏထက် ကျော်လွန်၍ တင်သွင်းလာသော ကုန်စည်များကိုမူ အခွန် ၁၅ ရာခိုင်နှုန်းကောက်ခံမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ကမ္ဘာ့ကုန်သွယ်ရေးအတွက် အလွန်အရေးပါသော ဟော်မုဇ်ရေလက်ကြားအနီးရှိ စွမ်းအင်ဈေးကွက်များနှင့် သင်္ဘောတင်ပို့မှုလမ်းကြောင်းများတွင် မရေရာမှုများဆက်လက်ဖြစ်ပေါ်နေခြင်းကြောင့် သယ်ယူပို့ဆောင်ခနှင့် ဓာတ်မြေသြဇာ ဈေးနှုန်းများ မြင့်တက်လာပြီး စိုက်ပျိုးရေးစရိတ်ပိုမိုကြီးမြင့်လာကြောင်း၊ ထို့ကြောင့် ပြည်တွင်း၌ ပြောင်းမရိတ်သိမ်းမီကပင် ရိက္ခာပြတ်လပ်နိုင်သည့် စိုးရိမ်မှုများရှိလာသဖြင့် ပြောင်း MAV ကိုတာတိုးမြှင့်ရန် အကြံပြုခြင်းဖြစ်ကြောင်းနှင့် ယခုနှစ်နှောင်းပိုင်းတွင် ပိုမိုပြင်းထန်လာနိုင်သည့် အယ်လ်နီညိုရာသီဥတု၊ မြင့်မားသော ဓာတ်မြေသြဇာစရိတ်နှင့် စိုက်ပျိုးမှုလျှော့နည်းလာခြင်း တို့ကြောင့် ပြောင်းအထွက်နှုန်းထိခိုက်နိုင်ကြောင်း လုပ်ငန်းအဖွဲ့များက သတိပေးထားကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနက ပြောကြားထားသည်။

ယခုအစီအစဉ်သည် ပြည်တွင်းတောင်သူများကို မထိခိုက်စေဘဲ အမှန်တကယ်လိုအပ်မှသာ တင်သွင်းခွင့်ပြုမည့် “အရေးပေါ်တုံ့ပြန်မှုအစီအစဉ်”မျှသာဖြစ်ကြောင်း၊ ပြောင်းဖူးဝါသည် မွေးမြူရေးတိရစ္ဆာန်အစာ၏ အဓိကပါဝင်ပစ္စည်းဖြစ်ပြီး တိရစ္ဆာန်အစာဈေးတက်ပါက ကြက်သား၊ ကြက်ဥနှင့် ဝက်သားဈေးနှုန်းများပါ လိုက်လံမြင့်တက်နိုင်ကြောင်း၊ တိရစ္ဆာန်အစာစရိတ်ကို တည်ငြိမ်အောင်ထိန်းညှိခြင်းဖြင့် ပြည်သူများအပေါ်သက်ရောက်မည့် စားသောက်ကုန်ဈေးနှုန်းဖိအားကို လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီးက ပြောကြားခဲ့သည်။

**Source: https://businessmirror.com.ph/2026/06/15/da-eyes-hike-in-corn-imports/**

**(အိသဇင်စိုး၊ စီးပွားရေးသံမှူး၊ မနီလာမြို့)**

TIR

## စင်ကာပူနိုင်ငံတွင် ရွှေကို ကောင်တာများတွင်လွယ်ကူစွာဝယ်ယူပြီး ဘဏ်တွင်သိမ်းဆည်းထားနိုင်မည့်စနစ်ကို ပြင်ဆင်ဆောင်ရွက်မည်

စင်ကာပူနိုင်ငံသည် ကမ္ဘာပေါ်ရှိ စီးပွားရေးလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်ရေးတို့အတွက် အချက်အခြာကျသည့် နေရာမှပါဝင်နိုင်ရန် ရွှေကို ကောင်တာတွင် အလွယ်တကူဝယ်ယူနိုင်မည့်စနစ်ကို ၂၀၂၆ ခုနှစ်တွင်စတင်မည်ဖြစ်ကြောင်း The Business Times သတင်းစာတွင် ဖော်ပြပါရှိသည်။

စင်ကာပူနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ် Gan Kim Yong က ၁၅-၆-၂၀၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော Asia-Pacific Precious Metals Conference ၌ စင်ကာပူနိုင်ငံငွေကြေးအာဏာပိုင်အဖွဲ့(Monetary Authority of Singapore-MAS)သည် ဘဏ်များတွင် ရွှေများသိမ်းဆည်းနိုင်မည့်စနစ်ကို ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလတွင်စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံခြားဘဏ်များနှင့် အခွင့်ရအဖွဲ့အစည်းများ၏ ရွှေလက်ဝယ်ပိုင်ဆိုင်မှုများကို ကောင်းစွာစီမံဆောင်ရွက်လိုသည်ကို သိရှိပါကြောင်း၊ ထို့ကြောင့် စင်ကာပူနိုင်ငံအခြေစိုက် ရွှေနှင့်တန်ဖိုးမြင့်သတ္တုများနှင့်ဆက်စပ်သောဘဏ်များအတွက် ဝန်ဆောင်မှုများပေးနိုင်ရန် ရွှေသိမ်းဆည်းခြင်းဆိုင်ရာစာရင်းများဖွင့်လှစ်ခွင့်ပေးမည်ဖြစ်ကြောင်း၊ ဗဟိုဘဏ်အနေဖြင့် တန်ဖိုးမြင့်ဓာတ်သတ္တုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအပေါ်ကောက်ခံသည့် အခွန် ၅ ရာခိုင်နှုန်းကို ဖယ်ရှားပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

အရှေ့အလယ်ပိုင်းပဋိပက္ခများကြောင့် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလတွင် ရွှေဈေးသည် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၅,၅၀၀ အထိမြင့်တက်ခဲ့ပြီး အာရှဒေသ၌ နှစ်စဉ်ရွှေဝယ်ယူသူနှင့် ရင်းနှီးမြှုပ်နှံမှုများ၏ ရွှေဝယ်ယူမှု ၇၀ ရာခိုင်နှုန်းခန့်သည် အဓိကတွန်းအားတစ်ခုဖြစ်စေခဲ့သည်။

ရွှေကိုကောင်တာတွင် အလွယ်တကူဝယ်ယူနိုင်မည့် စနစ်ကို ၂၀၂၆ ခုနှစ်ကုန်ပိုင်းတွင် Singapore Exchange(SGX)က စတင်အကောင်အထည်ဖော်မည်ဖြစ်ပြီး ဘဏ်များအချင်းချင်း ချိတ်ဆက်ဆောင်ရွက်နိုင်မှုကို ၂၀၂၇ ခုနှစ်အတွင်း စတင်နိုင်ရန် ရည်မှန်းထားကြောင်း၊ DBS၊ Deutsche Bank၊ ICBC Standard Bank၊ JPMorgan၊ OCBC၊ UOB ဘဏ်များနှင့် SGX တို့အကြား နားလည်မှုစာလွှာကို လက်မှတ်ရေးထိုးခဲ့ကြောင်း၊စင်ကာပူနိုင်ငံအနေဖြင့် ဈေးကွက်အတွင်း ပါဝင်သူများအကြား ကွဲလွဲမှုများကိုလျှော့ချရန် ၎င်း၏ဈေးကွက်အလေ့အထများနှင့် သက်ဆိုင်ရာကမ္ဘာ့စံနှုန်းများကို ချိန်ညှိသွားမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် လန်ဒန်ရွှေဈေးကွက်ဆိုင်ရာအဖွဲ့အစည်း (London Bullion Market Association-LBMA)က ထုတ်ပြန်ထားသည့် ကုန်စည်များပို့ဆောင်ရေးဆိုင်ရာမူဘောင်၏ စံချိန်စံနှုန်းများနှင့် Chicago Mercantile Exchange နှင့် Shanghai Gold Exchange တို့၏ သတ်မှတ်စံချိန်စံနှုန်းများလည်း ပါဝင်ကြောင်း ဖော်ပြပါရှိသည်။

SGX သည် ရွှေနှင့်ဆက်စပ်သော ဈေးနှုန်းသတ်မှတ်ချက်များနှင့် ကြုံတွေ့လာနိုင်သော အခက်အခဲများကိုဖြေရှင်းနိုင်ရန် သဘောတူစာချုပ်များချုပ်ဆိုဆောင်ရွက်သွားရန်ရှိကြောင်း၊ ၂၀၁၄ ခုနှစ်တွင် ယခုကဲ့သို့အစီအမံမျိုးဆောင်ရွက်ခဲ့သော်လည်း ကုန်သွယ်မှုတွင် အကျိုးအမြတ်နည်းပါးသည့်အတွက် ၂၀၁၈ ခုနှစ်တွင် ယင်းအစီအမံကိုရပ်ဆိုင်းခဲ့ပါကြောင်း၊ ဘဏ်များ အနေဖြင့် တိုကင်စနစ်ဖြင့် ရွှေစုဆောင်းရယူသည့်နည်းလမ်းကို အသုံးပြုရန် စိတ်အားထက်သန်လျက်ရှိပါကြောင်း ဖော်ပြ ပါရှိသည်။

**ရင်းမြစ်။ The Business Times သတင်းစာ**

**(ဧသေနု်၊ စီးပွားရေးသံမှူး၊ စင်ကာပူမြို့)**

## ရုရှားဗဟိုဘဏ်(CBR)သည် ဇွန်လ ၁၀ ရက်အတွက် အမေရိကန်ဒေါ်လာနှင့် ယူရိုငွေလဲနှုန်းများကို လျှော့ချသတ်မှတ်

ရုရှားဗဟိုဘဏ်က ၂၀၂၆ ခုနှစ် ဇွန်လ ၁၀ ရက်အတွက် တရားဝင်ငွေလဲနှုန်းများကို ထုတ်ပြန်ရာတွင် အမေရိကန်ဒေါ်လာ၏တရားဝင်နှုန်းကို ၁ ဒေါ်လာ = ၇၁ ဒသမ ၇၃၁၈ ရူဘယ်အဖြစ်သတ်မှတ်ခဲ့ပြီး ယခင်နှုန်းထက် ၁ ရူဘယ် ၅၃ ကိုပက် လျှော့နည်းသွားခဲ့သည်။

ယူရိုငွေကြေး၏ တရားဝင်နှုန်းကိုလည်း ၁ ယူရို = ၈၂ ဒသမ ၇၇၈၅ ရူဘယ်အဖြစ်သတ်မှတ်ခဲ့ပြီး ယခင်နှုန်းထက် ၂ ရူဘယ် ၅၀ ကိုပက် လျှော့နည်းသွားသည်။

ထို့ပြင် တရုတ်ယွမ်ငွေကြေး၏ တရားဝင်နှုန်းကိုလည်း ၁ ယွမ် = ၁၀ ဒသမ ၅၈၃၁ ရူဘယ်အဖြစ်သတ်မှတ်ခဲ့ပြီး ယခင်နှုန်းထက် ၁၉ ဒသမ ၉၅ ကိုပက် လျှော့နည်းသွားခဲ့သည်။

ဒေါ်လာ၊ ယူရိုနှင့်ယွမ်တို့၏ ရူဘယ်ဖြင့် သတ်မှတ်ထားသော နှုန်းထားများ ကျဆင်းသွားခြင်းသည် ရူဘယ်ငွေကြေး အားကောင်းလာကြောင်းကို ဖော်ပြနေသည်။ ရူဘယ်တန်ဖိုးမြင့်တက်လာသောအခါ နိုင်ငံခြားငွေ တစ်ယူနစ်ဝယ်ယူရန် လိုအပ်သည့် ရူဘယ်ပမာဏလျှော့နည်းသွားသည်။

**Source:** https://fomag.ru/news-streem

**(အောင်ဖြိုးထွဋ်၊ စီးပွားရေးသံမှူး၊ မော်စကိုမြို့)**

## STOCK EXCHANGE (19.6.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 19th Jun. 2026

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 16,623 (Shares) | 99,402,850 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 16,500 | +500 | +3.13% | 16,000 | 16,500 | 16,000 | 973 | 15,598,000 | 33,109,694 | 546,310 |
| MTSH | 00002 | 9,400 | +1,000 | +11.90% | 8,800 | 9,400 | 8,600 | 2,000 | 18,329,000 | 38,929,150 | 365,934 |
| MCB | 00003 | 12,500 | +500 | +4.17% | 12,000 | 12,500 | 12,000 | 232 | 2,797,000 | 10,400,986 | 130,012 |
| FPB | 00004 | 7,600 | +300 | +4.11% | 7,600 | 7,600 | 7,300 | 892 | 6,734,200 | 31,144,738 | 236,700 |
| TMH | 00005 | 3,600 | +200 | +5.88% | 3,450 | 3,600 | 3,450 | 18 | 63,300 | 12,823,224 | 46,164 |
| EFR | 00006 | 2,000 | +0 | +0.00% | 1,950 | 2,000 | 1,900 | 4,688 | 9,085,850 | 19,977,223 | 39,955 |
| AMATA | 00007 | 3,950 | +0 | +0.00% | 3,900 | 3,950 | 3,900 | 60 | 235,500 | 10,497,598 | 41,466 |
| MAEX | 00008 | 6,000 | +0 | +0.00% | 6,000 | 6,000 | 6,000 | 7,760 | 46,560,000 | 23,804,946 | 142,830 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 19th Jun. 2026

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 816.80 | +38.27 | +4.92% | 790.86 | 816.80 | 781.92 | 16,623 | 99,402,850 | 8 | 1,549,371 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 19th Jun. 2026

| Trading Volume | Trading Value |
|---|---|
| 20,867 (Shares) | 273,722,050 (MMK) |

## Main Board

As of 1:00 pm, 19th Jun. 2026

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 16,623 (Shares) | 99,402,850 (MMK) |

| MYANPIX | 816.80 ▲ 38.27 |
|---|---|
| Total Volume (shares) | 16,623 |
| Total Value (MMK) | 99 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,549,371 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 16,500 | ▲ 500 |
| MTSH | 00002 | 9,400 | ▲ 1,000 |
| MCB | 00003 | 12,500 | ▲ 500 |
| FPB | 00004 | 7,600 | ▲ 300 |
| TMH | 00005 | 3,600 | ▲ 200 |
| EFR | 00006 | 2,000 | ▲ 0 |
| AMATA | 00007 | 3,950 | ▲ 0 |
| MAEX | 00008 | 6,000 | ▲ 0 |

TIR

TIR